0

ကုန်းရမ်းကျေးရွာ၊ အသုံးတော်ကျေးရွာအုပ်စု

တောင်ကြီးမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ကုန်းရမ်းကျေးရွာ၊ အသုံးတော်ကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ လ ( )ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၂
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၂၉
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၃၀	၃၀
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၃၁	၃၃
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၃၄	၉၁
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၉၂	၁၁၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၃/၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကုန်းရမ်းကျေးရွာ၊ အသုံးတော်ကျေးရွာအုပ်စု
တောင်ကြီးမြို့နယ်

ကုန်းရမ်းကျေးရွာ၊ တောင်ကြီးမြို့နယ်၊ သယံဇာတပြမြေပုံ



ကုန်းရမ်းကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်





ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ကုန်းရမ်းကျေးရွာသည် တောင်ကြီးမြို့နယ်၏ တောင်ဘက် (၂၄/၀)မိုင်ခန့် အကွာ တွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး တောင်ကြီးမှပုံးအင်း-သို့ ကတ္တရာလမ်းဖြင့်သွားလာနိုင်ပြီးပုံးအင်း-နမ့်ကွတ်-ကုန်းရမ်း မြေနီလမ်းဖြင့် သွားလာနိုင်ပါသည်။ ကုန်းရမ်းကျေးရွာသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။စပါး၊ပြောင်းစသည့် သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ ကျေးရွာသည် နမ့်တဘက်ချောင်း၏ဘေးတွင် တည်ရှိပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ကုန်းရမ်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီကာလတွင် အဓိကထား လုပ်ကိုင်ကြပြီး ကျေးရွာပတ်လည် အရှေ့၊အနောက်၊တောင်၊မြောက်လယ်ယာခြံမြေများဝန်းရံထားပြီး စိုက်ပျိုးမြေဧကမြောက်များစွာရှိပါသည်။ ကျေးရွာအတွင်း လယ်မြေ အသင့်အတင့်ရှိပြီး မြေဆီ ကောင်းမွန်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်ယာမြေဧက(၁၀၀) ဧကနှင့် တောင်ယာမြေ(၃၀၀)ဧကရှိပြီး စပါး၊ပြောင်းစသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကုန်းရမ်းကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ ဘာသာရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့၊ ပညာရေး(၁)ဖွဲ့နှင့် အပျို/လူပျိုများနှင့်ဖွဲ့စည်းထားသောလူငယ်အဖွဲ့များ၊ အခြား ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့များလည်းရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့်လုပ်ငန်းတာဝန်များအားတက်ကြွစွာ ပူးပေါင်းဆောင် ရွက်ကြပါသည်။သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းအနေဖြင့်မြို့နယ်လျှပ်စစ်ဦးစီးဌာန၊ပညာရေးဦး စီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့်မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ ၄၇% သည် ဆင်းရဲ၊ ၄၀%သည် အလယ်အလတ်အိမ်ထောင်စုနှင့် ၆%သည် အဆင်ပြေသောအိမ်ထောင်စု အဖြစ် သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်း မှီမှုရှိပါသည်။ အခြားသောစိုက်ပျိုး ရေးသုံးလယ်ယာမြေသုံးစက်ကိရိယာများပိုင်ဆိုင်မှု အနည်းငယ်ရှိပြီး စိုက်ပျိုးရေ လုံလောက်စွာ ရရှိခြင်း ကြောင့်တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးလုပ်ကိုင်နိုင်ပါသည်။ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရောင်းချမှု များကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက် လက်လှမ်းမီမှု နည်းပါးခြင်းများကြောင့် အမြတ်ရရှိမှုနည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေး

လုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အခြား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေး နေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကုန်းရမ်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ မြို့ကောင်းမြို့သန့်များရရှိနိုင်မှုမရှိခြင်း၊ ဈေးကွက်လက်လှမ်းမီမှုမရှိခြင်းနှင့် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများမရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ အကယ်၍ ကြက်၊ဝက်မွေးမြူရေးနည်းပညာများ၊ အရင်းအနှီး ငွေများ ရရှိပါက မွေးမြူလိုကြောင်းကျေးရွာနေ ပြည်သူများ၏ စိတ်ဆန္ဒအရ သိရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ဒေသအတွင်း ငါးမွေးမြူရန် မြို့ကောင်းမြို့သန့်များ ရရှိနိုင်မှုမရှိခြင်း၊ နည်းပညာများ မရှိခြင်းစသည့် အဆင်မပြေမှုများကြောင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကုန်းရမ်းကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ လုပ်အားခမှာ၁၀၀၀၀/ကျပ်အထိရပါသည်။သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသော ကျေးရွာ အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများ၏လုပ်အားခမှာ(၁၀၀၀၀) နှင့်အမျိုးသမီးများ၏လုပ်အားခမှာ တစ်နေ့လျှင် (၇၀၀၀)ကျပ်အထိရရှိကြပါသည်။ လုပ်အားခ ရရှိမှုမှာအမျိုးသားနှင့်အမျိုးသမီးတန်းတူညီမျှမှုမရှိပါ။ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကုန်းရမ်းကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှချေးငွေရယူမှုမရှိပါ။အတိုးပေးချေးသူ/မိတ်ဆွေ/ ဆွေမျိုးများထံ မှ ချေးငွေများထုတ်ချေးကြပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ ကျေးရွာတွင်အခြေခံပညာမူလွန်ကျောင်းရှိသော်လည်း စာသင်ဆောင်လုံလောက်မှုမရှိပါ။ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း အိမ်ခြေများ တိုးပွားလာခြင်းကြောင့် ဓာတ်အားလိုင်းကွန်ကရစ်မီးတိုင်များ ဆက်လက်တပ်ဆင်ရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက် လိုင်းကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

(၆) ပညာရေး

မကျီးပင်ကျေးရွာ၏အခြေခံပညာမူလတန်းကျောင်းတွင်စာသင်ဆောင် (၆၀ပေx၂၀ပေx ၁၅ပေ)(၁)ဆောင်ရှိပါသည်။ကျောင်းသားဦးရေများပြားလာသည်နှင့်အမျှစာသင်ဆောင်အား ထပ်မံတိုးချဲ့ဆောင်ရွက်ရန် ကျေးရွာသူ/သားများမှလိုလားနေကြပါသည်။ ကျောင်းသုံးပရိဘောဂ

ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် အားကစားဆိုင်ရာပစ္စည်းများ အနေဖြင့်လုံလောက်မှုမရှိပါ။

ပညာရေးဝန်ထမ်းအနေဖြင့် အစိုးရခန့် ဆရာ(၁)ဦးနှင့်ဆရာမ(၃)ဦးရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် လက်ရှိ ကျောင်းတက်နှုန်း မူလတန်း(၁၁)ဦး၊ အလယ်တန်း(၇)ဦး၊အထက်တန်း(၈)ဦး ပညာသင်ကြားနေကြပါသည်။ရွာသူရွာသားများ အားလုံးနီးပါး အခြေခံစာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါ တွင် ကျေးရွာ၌ မူလတန်း ကိုမဖြစ်မနေ တက်ရောက်ကြသောစနစ်ကိုလည်း လိုက်နာကြပါသည်။ မူလတန်းပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားလျက် ရှိနေပါသည်။ ကျေးရွာသူ/သားများ၏ အတန်းပညာပြီးမြောက်မှု(စာတတ်မြောက်မှုနှုန်း)အနေဖြင့် မူလတန်း အဆင့်၊ အလယ်တန်း အဆင့် ရှိသူများပြားပြီး စာမတတ်သူဦးရေနည်းပါးပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါသဖြင့် နီးစပ်ရာ နမ့်ခုတ်ဆေးပေးခန်းနှင့် အရေးပေါ်ကိစ္စရပ်များအတွက် တောင်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ဒေသတွင်သောက်ရေအတွက်အဝိစိတွင်းနှင့် ချောင်းရေမှ သုံးစွဲကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲ သော အိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့်ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများ ဖြစ်ပွားမှု နည်းပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် ချောင်းနှင့်နီးသောကျေးရွာဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများကိုခံရခြင်းအနည်းငယ်ရှိပါသည်။ရန်ဖါရန်ခါမိုးသီးကြွေကျခြင်း၊လေပြင်းတိုက်ခတ်ခြင်း မှလွဲ၍အခြားဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။ကျေးရွာတွင် ပြောင်း၊ ကြက်သွန်စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် ခါတုပိုးသတ်ဆေးများ သုံးစွဲမှုများပြားလာခြင်း၊ ခါတုဓာတ်မြေဩဇာများသုံးစွဲမှု များပြားခြင်းတို့ ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာခြင်းတို့ ဖြစ်ပေါ်လာပါသည်။ တောင်သူများအနေဖြင့် ခါတုဗေဒ ပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ကုန်းရမ်းကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားများက အမျိုးသမီးများ ထက်ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်

အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ နည်းပါးလျက် ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှု ၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကုန်းရမ်းကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျတ်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၃ ၂၀၂၄	၂၀၂၄ ၂၀၂၅	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈
၁	နမ့်တဘက်ချောင်းခြံနွယ်ရှင်းလင်းခြင်းနှင့် သဲနုန်းဆယ်ယူခြင်း	၁	√				
၂	ဂါလံ(၁၅၀၀၀)ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း	၂		√			
၃	ကျေးရွာချင်းဆက်လမ်း(ဆမ်ဆိုင်-ကုန်းရမ်း-နမ့်ကွတ်)ကျောက်ခြောလမ်းခင်းခြင်း	၃			√		
၄	မြေသားရေကန်ဆယ်ယူခြင်းနှင့်ကန်ဘောင်ပြုပြင်ခြင်း	၄				√	
၅	ကျေးရွာတွင်းမြေသားလမ်းအားကျောက်ခြောခင်းခြင်း	၅					√

(၁၁) ကုန်းရမ်းကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	နမ့်တဘက်ချောင်းခြံုန္တယ်ရှင်းလင်းခြင်းနှင့် သဲနုန်းဆယ်ယူခြင်း	၂၀	၂၀	၂၀	၂၀	၁၀	၉၀	၁
၂	ဂါလံ(၁၅၀၀၀)ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း	၁၅	၁၅	၁၅	၁၅	၁၀	၇၀	၂
၃	ကျေးရွာချင်းဆက်လမ်း(ဆမ်ဆိုင်-ကုန်းရမ်း-နမ့်ကွတ်)ကျောက်ချောလမ်းခင်းခြင်း	၁၀	၁၀	၁၀	၁၅	၁၅	၆၀	၃
၄	မြေသားရေကန်ဆယ်ယူခြင်းနှင့်ကန်ဘောင်ပြုပြင်ခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၄
၅	ကျေးရွာတွင်းမြေသားလမ်းအားကျောက်ချောခင်းခြင်း	၈	၈	၈	၈	၈	၄၀	၅

(၁၂) ကုန်းရမ်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးစိုင်းချန့်	၁၃/ ကတလ (နိုင်)၀၀၁၈၅	ဥက္ကဋ္ဌ	
၂	ဦးလှအောင်	၁၃/လရန(နိုင်)၂၈၁၀၈	အတွင်ရေးမှူး	
၃	ဒေါ်နန်းခမ်းအော်	၁၃/ကတလ(နိုင်)၃၈၅၇၁၂	ဘဏ္ဍာရေးမှူး	
၄	ဒေါ်နန်းနု	၁၃/ကတလ(နိုင်)၀၀၁၂၀၇	စာရင်းကိုင်	
၅	ဦးခွန်ထွန်းနိုင်	၁၃/တကန(နိုင်)၃၈၉၁၁၃	အဖွဲ့ဝင်	
၆	ဒေါ်နန်းစွဲ	၁၃/တကန(နိုင်)၂၁၇၆၀၆	အဖွဲ့ဝင်	
၇	ခွန်ခမ်းလေ	၁၃/တကန(နိုင်)၃၉၂၈၄၂	အဖွဲ့ဝင်	

ကုန်းရမ်းကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးလှအောင်	၁၃/လရန(နိုင်)၂၈၁၀၈	ဥက္ကဋ္ဌ	
၂	ဒေါ်နန်းနု	၁၃/ကတလ(နိုင်)၀၀၁၂၀၇	ဘဏ္ဍာရေးမှူး	
၃	ဦးခွန်ထွန်းနိုင်	၁၃/တကန(နိုင်)၃၈၉၁၁၃	စာရင်းကိုင်	

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ကုန်းရမ်းကျေးရွာ
ကျေးရွာအုပ်စု	- အသုံးတော်ကျေးရွာအုပ်စု
မြို့နယ်	- တောင်ကြီးမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည်	- နမ့်တဘက်ချောင်းခြံုန္ဓယ်ရှင်းလင်းခြင်းနှင့်သဲနုန်းဆယ်ယူခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ချောင်း၏ဘေးဘက်တွင်ခြံုန္ဓယ်ပိတ်ပေါင်းများထူထပ်ခြင်း၊ချောင်းအတွင်း နုန်းများ ပြည့်နေ၍ ခြံုန္ဓယ်ရှင်းလင်းခြင်းနှင့်သဲနုန်းဆယ်ယူရန် လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ချောင်းအားခြံုန္ဓယ်ရှင်းလင်းခြင်းနှင့်နုန်းများဆယ်ယူခြင်းဖြင့် ရေစီးရေလာကောင်းမွန်စေပြီး သီးနှံများအထွက်တိုးစေရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီး နောက်ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ) ချောင်းအားခြံုန္ဓယ်ရှင်းလင်းခြင်းနှင့်နုန်းများဆယ်ယူခြင်းဖြင့် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေး ကိစ္စရပ်များ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍ များတိုးတက်လာစေရန်မျှော်မှန်းပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာများနှင့် ပူးပေါင်း၍ ကျေးရွာပြည်သူထည့်ဝင်ငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေများ၊ ရွာသူ/သားများ၏ လုပ်အားများဖြင့် ပူးပေါင်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအရည်အသွေးပြည့် အောင်မြင်စွာပြီးစီးရေးအတွက် စီမံကိန်းလုပ်ငန်း အား အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။	

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • (ငွေသား) • ၂၀၀၀၀၀၀/- (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၂၅	၁၀၀	၂၂၅	၇	၁၀	၁၂	၅	၃၂
အကျိုးခံစားမည့်သူ ဦးရေ	၁၂၅	၁၀၀	၂၂၅	၇	၁၀	၁၂	၅	၃၂
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၉.၂.၂၀၂၄

(၃) စီမံချက် ပြီးစီးမည့် အချိန်ခန့်မှန်း - ၁၂.၃.၂၀၂၄

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေး အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ် ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသား များ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ကျေးရွာအတွက် လိုအပ်သော ခန်းမဆောင်ဆောက်လုပ်ခြင်းအတွက် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီနှင့် ရပ်ရွာမှတာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူ များမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁	၆	၆	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄	၇	၁၁	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆	၅	၁၁	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၉၈	၈၉	၁၈၇	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂	၃	၅	-	-
စုစုပေါင်း		၁၁၂	၁၁၃	၂၂၅	-	-
စုစုပေါင်း အိမ်ထောင်စု		၃၂				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။မကျီးပင်ကျေးရွာသည် အိမ်ထောင်စု(၆၆)စုရှိပြီး စုစုပေါင်းလူဦးရေမှ (၆၀၃)ဦးရှိပါသည်။ အဆိုပါ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၁၈၇)ဦးရှိပြီး သက်ကြီးရွယ်အို(၅)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်း ဆောင်ရွက်မှုအားကောင်း လျက်ရှိကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၃၂	၃၂		၂၂	၁၀	-	မြင့် ☑ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း						-	မြင့် ☐ လတ်☐ နိမ့်☑
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☑
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☑
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☑
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၃၂	၃၂		၂၂	၁၀		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်
လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။
“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟုဆိုလိုပါသည်။
လေ့လာတွေ့ရှိချက်။ ကုန်းရမ်းကျေးရွာ၏အိမ်ထောင်စုပေါင်း(၃၂)စုသည် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံးအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား
ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀	၁၀၀၀၀	၇၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး ကျား/မ လုပ်အားခများပေးချေရာတွင် တန်းတူညီမျှမှုမရှိပါ။ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် လက်သမား/ပန်းရံလုပ်ငန်းများတွင် အမျိုးသားများသာ အလုပ်လုပ်ကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၀	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၃၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းသာအဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးမြေဧကများပိုင်ဆိုင်ထားသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာမှအိမ်ထောင်စု အများစု သည် လယ်မြေနှင့် တောင်ယာ မြေများအများစုပိုင်ဆိုင်ကြပြီး အခြားသော မြေလွတ်မြေရိုင်းများ ပိုင်ဆိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ်☐ခက်☑အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☑အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်	များ ☐ သင့်☐	လွယ် ☐ ခက်☑	လျော့ ☑ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)	နည်း ☑မရှိ ☐	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး☐အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☑ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☑ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျောက်၊ သဲများ ကျေးရွာ အနီးနားတွင် မရှိပါ။။ အခြား သော သဘာဝအရင်းအမြစ်ဖြစ်သော ဆေးဘက်ဝင်အပင်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိရမှု နည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ
ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇	၁၀	၁၂	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စုများကို တွေ့ရှိရပြီး အလွန်မပြေလည်သော အိမ်ထောင်စုအဆင့်(၁၇)စုရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၁၇		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြကြားဝမ်းစာဖူလုံမှု	၁၀		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြစ်မှသာလျှင်အထိ ဝမ်းစာဖူလုံမှု	၇		အခြားအစားပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်း ကောက်ယူရာတွင် အဆိုပါ ဥစ္စာဓန အဆင့်(၃)နှင့်(၄)ရှိ အိမ်ထောင်စုများသည် ဝမ်းစာဖူလုံရေး အတွက် အများစုသည် အခြားအစားပြောင်းလဲစားခြင်း၊ချေးယူခြင်းနှင့် ဆွေမျိုးများထံမှ အထောက်အပံ့များ ရယူကြသည်ကို တွေ့ရှိရ ပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြန့်စုံနှင့်အထက်	၁		၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲ သည့်အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ဆင်းရဲ၍မိသားစုဦးရေများပြားသည့် မုဆိုးဖို/တစ်ခုလပ်ဦးဆောင်သည့်

အိမ်ထောင်စု မရှိပါ။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓				✓	
၂	လျှပ်တပြတ်ရေကြီးခြင်း	✓				✓	
၃	မုန်တိုင်းဒီရေ	✓				✓	
၄	ဆူနာမီ	✓				✓	
၅	တိုင်ဖုန်းမုန်တိုင်း	✓				✓	
၆	လေဆင်နာမောင်း	✓				✓	
၇	ငလျင်		✓			✓	
၈	အပူလှိုင်း	✓				✓	
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓				✓	
၁၀	အအေးလှိုင်း		✓			✓	
၁၁	မိုးသီးကြွေကျမှု	✓				✓	
၁၂	မိုးခေါင်ခြင်း		✓			✓	
၁၃	တောမီးလောင်ခြင်း	✓				✓	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓				✓	
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓				✓	
၁၆	မြေပြိုခြင်း	✓				✓	
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓			✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓			✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း			✓		✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂၁	၄က်ဖျားရောဂါ		✓			✓	
၂၂	တီဘီရောဂါ	✓				✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ		✓			✓	
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ	✓				✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓			✓	
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာ သားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက် သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင် စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှုဘေးအန္တရာယ်များသည် ကျေးရွာအပေါ် ထိခိုက်သက်ရောက်နိုင်မှုအနည်းငယ်ရှိပါသည်။ ရာသီတုပ်ကွေးကူးစက်ရောဂါ အနည်းငယ်ဖြစ်ပွားမှုရှိပါသည်။ထိခိုက်သက်ရောက်မှုများအားဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင်အစီအမံများချမှတ်၍စွမ်းဆောင်နိုင်မှုမှာအသင့်တင့် အနေအထားရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓			✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓			✓	
၃	ဆင်းရဲသားတောင်သူ			✓			✓
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ		✓			✓	
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		✓				
၉	ငါးကန်ပိုင်ရှင်များ	✓				✓	
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓			✓	
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ		✓			✓	
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ		✓			✓	
၁၆	နေရပ်ပြန်အခြေချသူများ		✓		✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ		✓		✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ		✓		✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိ

ပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူငယ်၊ အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု၊ ဆင်းရဲသောတောင်သူများနှင့် လက်လုပ်လက်စားများ/ ကျပန်းများအုပ်စုသည် ထိခိုက်သက်ရောက်မှု အလယ်အလတ် အုပ်စုဖြစ်ပါသည်။ ထိခိုက် သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများချမှတ်၍ စွမ်းဆောင်နိုင်မှုမှာ အားနည်းနေသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်	၁☐၂☐၃☑	၁၀	၅	၁၅	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ကျောင်းကော်မတီ	၁☐၂☑၃☐	၂		၂	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄	ဂေါပကအဖွဲ့	၁☐၂☑၃☐	၂		၂	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပညာရေး၊ လူမှုရေး/ဘာသာရေးနှင့် သာရေး /နာရေးကိစ္စအဝဝကို ဆောင်ရွက်ရန်ဖွဲ့စည်းထားသည့် အစုအဖွဲ့/အသင်းအဖွဲ့(၄)ဖွဲ့ ရှိပါသည်။ ကျေးရွာတွင်းရှိအဖွဲ့အစည်း/ ကော်မတီအသီးသီးတို့မှ ကဏ္ဍအလိုက်ဦးဆောင်၍ လမ်းညွှန် ဆောင်ရွက်ကြပါသည်။ ထို့အပြင် ကျေးရွာတွင်းရှိအဖွဲ့များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ချိတ်ဆက် ဆောင်ရွက် လျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-

ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါ ယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော် ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြင်ပအဖွဲ့အစည်းများမရှိကြောင်းတွေ့ရှိရပါသည်။ အခြားသော နိုင်ငံတော်အစိုးရဌာနဖြစ်သော ထွေအုပ်/ကျေးလက်/EPC/ကျန်းမာရေး/ပညာရေး စသည့်ဦးစီးဌာနများနှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ ကျေးရွာအနေဖြင့် ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း လက်လှမ်းမီမှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်			ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၇		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၄		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၃၂		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပြုကြသည့် ကျေးရွာဖြစ်သဖြင့် အများစုသည် မြေယာများပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့ပြီး အငှားစနစ် ဖြင့် လုပ်ကိုင်ကြသည့် အိမ်ထောင်စု(၆)စုရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဇရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☑ အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း	၃	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☑တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန ၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်တွင်းရေကိုသောက်သုံးရေအတွက် အသုံးပြုပြီး ချောင်းရေကို စိုက်ပျိုးရေးတွင်သုံးစွဲလျက်ရှိသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၀၀	တစ်ကေ	၁၀တင်း	၂၀ တင်း	၁၅ တင်း	၇	၁၀	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☐နိမ့်☑
ပြောင်း	၃၀	တစ်ကေ	၂၀၀ ပိဿာ	၄၀၀ ပိဿာ	၃၀၀ ပိဿာ	၁၁	၄	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☑လတ်☐နိမ့်☐
								မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☑လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးပြောင်း စသည်တို့ အဓိက စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကြပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ ပြောင်းလဲမှု ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်		-	-	-
လက်တွန်းထွန်စက်	၁၂	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်		-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ရေစုပ်စက်	၅	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်		-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသဖြင့် စိုက်ပျိုးရေးသုံးခေတ်မီစက် ကိရိယာများလည်း မရှိပါ။ လက်တွန်းထွန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၂)စု၊ ရေစုပ်စက် ပိုင်ဆိုင်သည့် အိမ်ထောင်စု (၅)စုရှိပြီး အဆိုပါ စိုက်ပျိုးရေးသုံးစက်ပစ္စည်း ပိုင်ဆိုင်သူများထံမှ စိုက်ပျိုးရာသီချိန်တွင် ငှားရမ်းသုံး စွဲကြရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေးအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐ သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည်။
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည်☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ☑

